# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ၁၅ ရက်မြောက်နေ့အစီအစဉ်

# [ ၆–၂–၂၀၁၃ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **အင်းလေးကန် သန့်ရှင်းစိမ်းလန်းစိုပြေရေးအတွက် စွန့်ပစ်အမှိုက်များကို Recycle စက်ရုံတစ်ခုတည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ **မြောက်ဦးမြို့ရှိ လေယာဉ်ကွင်းဟောင်းအား ပြန်လည်ပြုပြင်မွမ်းမံ၍ လေယာဉ် ခရီးစဉ်ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံ–ကံသာ–ကပိုင်လမ်းနှင့် ယင်းလမ်းပိုင်းရှိ ပေ ၁၈၀ အထက် တံတား ၂ စင်း တည်ဆောက်ခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်ခင်သန္တာ၊ တံတားဦး မဲဆန္ဒနယ်၏ **တံတားဦးမြို့နယ်ရှိ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးတွင် လမ်းများဖြည့်ဆည်းပြင်ဆင် တည်ဆောက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးစိုးပိုင်၊ ဝန်းသို မဲဆန္ဒနယ်၏ **မော်တော်ယာဉ်အို၊ မော်တော်ယာဉ်ဟောင်းများအား လဲလှယ်ပေးခဲ့သကဲ့သို့ မော်တော်ဆိုင်ကယ်အဟောင်းများကို အစီအမံတစ်ခုအဖြစ် စီမံပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ် ညောင်ခြေထောက်ကျေးရွာရှိ ကြောင်ပိန်ချောင်း ရထားကူးလမ်းတံတားအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ပြုပြင်ပေးရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **"နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာနေသော ပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး အပ်နှင်းထားသော အာဏာကို အလွဲသုံးစားဆောင်ရွက်ခဲ့သူများအား အရေးယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ရှင်းလင်းပြတ်သားမှုရှိပြီး ပြည်သူလူထုအား အကာအကွယ်ပေးမည့် အထူးဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးပါရန် ဤလွှတ်တော်က တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ **"ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်း"** ကို စက်မှုဝန်ကြီးဌာနက တင်သွင်းခြင်း။

၉။ **"ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြား ရှင်းလင်းခြင်း။

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **" ဓာတုပစ္စည်းနှင့်ဆက်စပ် ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေး စဉ်စားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၆ ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။